**ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ '၇' အရ တောင်တရုတ် ပင်လယ်အရေးကိစ္စတွင် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး ဌာန၏ ထုတ်ပြန်ကြေညာချက်**

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ၁၉၈၂ ခုနှစ် ကုလသမဂ္ဂ ပင်လယ်ပြင် ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ '၇' အရ တောင်တရုတ်ပင်လယ်အရေးကိစ္စနှင့် ပတ်သက်သည့် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက မှတ်သားထားပါသည်။ အဆိုပါ အနုညာတခုံရုံး ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုနှင့် ဒေသအတွင်းနှင့် ပြင်ပသို့ ရိုက်ခတ်လာနိုင်မည့် ဂယက်ကို မြန်မာနိုင်ငံမှ စောင့်ကြည့်လေ့လာလျက်ရှိသည်။

မြန်မာနိုင်ငံသည် တောင်တရုတ်ပင်လယ်ပိုင်ဆိုင်မှုကို ကြေညာသည့် နိုင်ငံမဟုတ်သော်လည်း တောင်တရုတ်ပင်လယ်၏ ဖြစ်ပေါ်တိုးတက်မှုများကို အလေးအနက်ထားရှိပါသည်။ မြန်မာနိုင်ငံ အနေနှင့် အငြင်းပွားမှုကို ၁၉၈၂ ပင်လယ်ပြင်ဥပဒေ ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပါအဝင် နိုင်ငံအားလုံးမှ အသိအမှတ်ပြုသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေအခြေခံမူများနှင့်အညီ ဆွေးနွေးမှု နှင့် ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းမှုများမှတစ်ဆင့် ငြိမ်းချမ်းစွာ ဖြေရှင်းရန် ကြိုးပမ်းမှုများ အားလုံးကို အစဉ်အမြဲ အားပေး ထောက်ခံပါသည်။

သက်ဆိုင်သည့်နိုင်ငံများအနေနှင့် အခြေအနေကို တင်းမာစေမည့် လုပ်ဆောင်မှုများအပေါ် ထိန်းထိန်း သိမ်းသိမ်းဆောင်ရွက်ရန်နှင့် ပြဿနာကို အင်အားသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမှ ရှောင်ကြဉ်ရန် တိုက်တွန်းပါသည်။

မြန်မာနိုင်ငံသည် စည်းမျဉ်းဥပဒေကို အခြေပြုသည့် အာဆီယံ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အလျောက် နိုင်ငံတကာအသိုက်အဝန်းအတွင်း နိုင်ငံခြားဆက်ဆံရေးကို အကောင်အထည်ဖော်မှု တွင် စည်းမျဉ်းဥပဒေကို လေးစားလိုက်နာရန် ကတိပြုထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်တွင်း နိုင်ငံများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်း ဆိုင်ရာ ကြေညာချက် အပြည့်အဝနှင့် ထိရောက်စွာ အကောင်အထည်ဖော်ရေးနှင့် တောင်တရုတ် ပင်လယ်တွင်း ကျင့်ထုံးတစ်ရပ် ဆောလျင်စွာ ပေါ်ထွက်ရေးအတွက် တူညီဆန္ဒအပေါ် အခြေပြု၍ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့နှင့် ဆက်လက်ပြီး လက်တွဲလုပ်ကိုင်သွားမည်ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်